# သံလွင်မြစ်တွင်းရေကာတာဆောက်မည့်ကိစ္စရပ်ရန် ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့တောင်းဆို

ချမ်းလွန် / ၁၅ စက်တင်ဘာ ၂၀၀၆ / ၁၈း၅၀




ရှမ်းပြည်နယ်တောင်ပိုင်း သံလွင်မြစ်တွင်း တာဆန်းရေကာတာတည်ဆောက်ရန် ဆောင်ရွက်နေသော ထိုင်းအစိုးရနှင့် ထိုင်းရင်းနှီးမြှုပ်နှံသူများကို ချက်ချင်းရပ်ဆိုင်းပေးရန် ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့က တောင်းဆိုသည်။

အမေရိကန်ဒေါ်လာ သန်း (၆) ထောင်ခန့် ကုန်ကျမည့် ယင်းရေကာတာတည်ဆောက်မည့် ဒေသမှ လူထုများသည် လူ့အခွင့်အရေးချိုးဖောက်မှု ခံစားနေရကြောင်း ရှမ်းသဘာဝပတ်ဝန်းကျင် အဖွဲ့ (Shan Sapawa Organization) က ယနေ့ထုတ်ပြန်သည့် Warning Signs အစီရင်ခံစာတွင် ဖော်ပြသည်။

တာဆန်းရေကာတာတည်ဆောက်ရေးကို မြန်မာနအဖအစိုးရနှင့် ထိုင်းက အဆင့်ဆင့်အကောင်အထည်ဖော်နေပြီဖြစ်သောကြောင့် ၎င်းတို့လုပ်ငန်းများ အထမမြောက်မီ နိုင်ငံတကာက ဖိအားပေးလာရန် အစီရင်ခံစာထုတ်ပြန်ခြင်းဖြစ်သည်ဟု ယင်းအဖွဲ့၏တာဝန်ခံ စိုင်းစိုင်းက ပြောကြားသည်။

၎င်းက "တာဆန်းရေကာတာကြောင့် လူ့အခွင့်အရေးချိုးဖောက်တဲ့ကိစ္စတွေရယ် ထိုင်းထဲကို ရောက်နေတဲ့ ထောင်နဲ့ချီတဲ့ ဒုက္ခသည်ကိစ္စတွေ၊ ရေလွှမ်းမိုးမယ့် ကိုယ့်ရပ်ရွာဒေသကို လုံးဝပြန်လာလို့မရတဲ့လူတွေရဲ့ အခြေအနေတွေကို ထိုင်းအစိုးရက လုံးဝမရှုမစိုက်ဘူး" ဟုပြောသည်။

တာဆန်းရေကာတာကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့အရှေ့ဘက် (၉၅) မိုင်ခန့်ရှိ မိုင်းပန်မြို့နယ်နှင့် မိုင်းတုံမြို့နယ်အကြား သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။

ထိုနေရာသည် မြန်မာနအဖတပ်နှင့် ရှမ်းလက်နက်ကိုင်တပ်ဖွဲ့များ အဓိကတိုက်ပွဲဖြစ်နေသည့် နေရာတွင် တည်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သည့် (၁၀) နှစ်ကျော်အတွင်း နအဖစစ်တပ်က ရေကာတာတည်ဆောက်မည့်နေရာ တဝိုက်တွင် တပ်ရင်းများကို (၃) ဆတိုးမြှင့်ခဲ့ပြီး အနီးတဝိုက်ရှိ ရေလွှမ်းမိုးမည့်ဇုန်အဖြစ် သတ်မှတ်ထားသောနေရာမှ အရပ်သား (၆၀,၀၀၀) ကျော်ကို အဓမ္မရွှေ့ပြောင်းခိုင်းခဲ့သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

ထိုဒေသမှရွာသားများကို နအဖစစ်တပ်က လုပ်အားပေးခိုင်းစေခြင်း၊ အဓမ္မပြောင်းရွှေ့ခိုင်းခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ရှမ်းလက်နက်ကိုင်အဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟုစွပ်စွဲပြီး ညှဉ်းဆဲသတ်ဖြတ်မှုများ ကျူးလွန်ကြောင်း အစီရင်ခံစာကဆိုသည်။

အဓမ္မရွှေ့ပြောင်းခိုင်းခံရသူ (၆၀,၀၀၀) အနက် (၃၅,၀၀၀) ခန့်သည် ထိုင်းနိုင်ငံသို့ ထွက်ပြေးလာကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

တာဆန်းရေကာတာတည်ဆောက်ရန် ထိုင်းနိုင်ငံမှ MDX ကုမ္ပဏီနှင့် မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ၂၀၀၂ ခု ဒီဇင်ဘာတွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည်။

တာဆန်းရေကာတာမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် ပူးတွဲသဘောတူစာချုပ်မူကြမ်းကို MDX နှင့် မြန်မာ့ရေအားလျှပ်စစ်ဦးစီးဌာနတို့ ယခုနှစ်ဧပြီတွင် လက်မှတ်ရေးထိုးသည်။

“ထိုင်းနိုင်ငံက ကျနော်တို့ရဲ့ သဘာဝအရင်းအမြစ်တွေကို ခေါင်းပုံဖြတ်မယ့်အစား မြန်မာပြည်မှာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီကူးပြောင်းရေးအတွက် ထောက်ခံအားပေးသင့်တယ်။ ဒါမှ ကျနော်တို့ တိုင်းပြည်ရဲ့ အနာဂတ်ဖွံ့ဖြိုးမှုကို ကျနော်တို့ပြည်သူတွေ ပြောရေးဆိုခွင့်ရှိမယ်” ဟု စိုင်းစိုင်းက အစီရင်ခံစာတွင် ထည့်သွင်းပြောကြားသည်။

သံလွင်မြစ်ပေါ်တွင်တည်ဆောက်ရန် လျာထားသည့် ဟတ်ကြီး၊ မုန်းတား၊ ဒါးဂွင်၊ ဝဲကြီးနှင့် တာဆန်းရေကာတာတို့အနက် တာဆန်း၊ ဝဲကြီးနှင့် ဒါးဂွင်ရေကာတာတို့သည် အကြီးဆုံး (၃) ခုဖြစ်သည်။ ■